# မြန်မာနိုင်ငံအတွင်း ဆန်တွင် အဏုအာဟာရ ဖြည့်စွက်ခြင်းလမ်းညွှန်အား အသိပေးခြင်း အလုပ်ရုံဆွေးနွေးပွဲ

## အခမ်းအနားတွင်

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်မိန့်ခွန်း

## (Draft)

ရန်ကုန်မြို့။ ၂-၃-၂၀၁၉

အားလုံးပဲမင်္ဂလာပါခင်ဗျား။

ယနေ့အခမ်းအနားသို့ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့်အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများအပြင် နှီးနွယ်ဝန်ကြီးဌာနများ၊ အရာရှိကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ အရာရှိကြီးများ၊ Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine

(UEHRD)၊ UMFCCI၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ PATH၊ Livelihood and Food Security Fund၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ အားဖြည့်ဆန်စေ့နှင့် အားဖြည့်ဆန်ထုတ်လုပ်သော လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်မှ အရာရှိကြီးများအားလုံး မဂ််လာပါလို့နှုတ်ခွန်းဆက်ပါတယ်။

ဒီနေ့အစည်းအဝေး workshop meeting ကတော့ မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ Nutrition နဲ့ ပတ်သက်ပြီးတော့ တော်တော်လေးနိမ့်ကျနေပါတယ်။ မကြာသေးခင်ကာလက ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ နဲ့ ၂၀၁၈ ခုနှစ်၊ မေလမှာ nationwide micro nutrient and food consumption survey ကိုလုပ်ပါတယ်။ အဲဒီမှာကျွန်တော်တို့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် Nutrition status ကို in terms of several parameters နဲ့ ကျွန်တော်တို့တွေ့ပါတယ်။ ဒီလိုတွေ့တဲ့အခါမှာ ကျွန်တော်တို့ ဆက်လုပ်မည့်လုပ်ငန်းတွေက အများကြီးရှိပါတယ်။ စိုက်ပျိုး၊ မွေးမြူရေးဝန်ကြီးဌာနကလည်းလုပ်ရမယ်၊ ပညာရေးဝန်ကြီးဌာနကလည်း လုပ်ရမယ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကလည်းလုပ်ရမယ် အများကြီးပါဘဲ၊ ဒါတွေကိုကျွန်တော်တို့ လုပ်ဖို့

လည်း အစည်းအဝေးတစ်ခုခေါ်ပြီးပါပြီ။ plan လည်း လုပ်ထားပြီးပါပြီ။ အဲဒါကိုကျွန်တော် သေသေချာချာလုပ်မှာပါ။ ဘာကြောင့် သေသေချာချာလုပ်မလဲဆိုတာက nutritional development မကောင်းတာကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ကလေးများဟာ ပိန်လှီတယ်။ အထူးသဖြင့် ကျွန်တော်စိုးရိမ်တာက brain development ကို အရမ်းစိုးရိမ်ပါတယ်။ အထူးသဖြင့် မွေးဖွားပြီး ရက် (၁၀၀၀)အတွင်း ကလေးတွေမှာပါ။

ဆရာတို့အားလုံးသိတဲ့အတိုင်း brain မှာ neuronal track development က အရေးကြီးပါတယ်။ အာဟာရမပြည့်ဝတဲ့ကလေးတွေမှာ development ကအရမ်းနည်းပါတယ်၊ ဒီလိုသာနည်းနေရင် ကျွန်တော်တို့နိုင်ငံရဲ့ ရှေ့ရေးဟာ တော်တော့ကို စိုးရိမ်စရာကောင်းပါတယ်။ ကျွန်တော်တို့နိုင်ငံတွေက in terms of brain capacity, brain development, thinking power, thinking capacity အကုန်လုံးက နိမ့်ကျသွားပါမယ်။ ဒါတင်မကပါဘူး ကျွန်တော်ပိုစိုးရိမ်တာ iodine deficiency အိုင်အိုဒင်းဓာတ်ချို့တဲ့မှုပါ။ ဆားတွေကို သွားစစ်လိုက်တဲ့အခါမှာ ရောင်းတဲ့ဆိုင်မှာ သွားစစ်တယ်၊ ပါသင့်သလောက်မပါဘူးဖြစ်နေပါတယ်။ ဒါတော်တော်ကို အန္တရာယ်ကြီးပါတယ်၊ ဒီကလေးသည် အိုင်အိုဒင်းဓာတ်ချို့တဲ့မှုဖြစ်ရင် ကုသလို့မရတဲ့ အခြေအနေတွေဖြစ်သွားရင် brain development မှာ retardation ဖြစ်သွား

ရင်သွားပြီ။ အခုမသိသေးဘူး၊ နောက်ထပ် (၁၀)နှစ်၊ (၁၅)နှစ်၊ အနှစ် (၂၀)မှာ ကျွန်တော်တို့နိုင်ငံသားတွေရဲ့ thinking capacity, thinking capability ဒါတွေက အခြားနိုင်ငံတွေနဲ့ ယှဉ်လို့ရှိရင် လုံးဝအောက် ရောက်သွားပါမယ်။ brain development တွေမကောင်းရင် သူတို့ ကျောင်းတက်တဲ့အခါမှာ စာမလိုက်နိုင်ဘူး စာမေးပွဲတွေကျမယ်၊ မလိုက် နိုင်လို့ရှိရင် သူတို့ stress တွေဖြစ်မယ်၊ မီးခိုးကြွက်လျှောက် အကုန် ဖြစ်တဲ့ကိစ္စဖြစ်ပါတယ်။

အဲဒါကြောင့် nutrition ဟာ အရမ်းအရေးကြီးပါတယ်။ အရေး ကြီးတဲ့အတွက်လည်း ပခုက္ကူမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဝန်ကြီး (၄)ယောက်၊ အခြားလူမှုရေးဝန်ကြီးတွေ အများကြီးဘဲ ၂၀၁၆ ခုနှစ်တုန်းကသွားပါတယ်။ အဲဒီမှာကျွန်တော်တို့ အဖွဲ့ဖွဲ့ပါတယ်၊ အကုန် လုံးဆက်လုပ်နေပါတယ်။ လုပ်တဲ့အခါမှာလည်း ဒီကိစ္စကို ကျန်းမာရေး နှင့်အားကစားဝန်ကြီးဌာနတစ်ခုတည်းက လုံးဝ (လုံးဝ) လုပ်လို့မရ ပါဘူး။ အားလုံးပါဝင်ရပါမယ်။ ဒီအစည်းအဝေးပွဲကြီးဟာ ဘာကြောင့် အရေးကြီးသလဲဆိုရင် လူတိုင်းဟာထမင်းစားပါတယ်၊ ဆန်ကိုသာ တစ်ခုခုလုပ်ပေးနိုင်ရင် ကျွန်တော်တို့ ဒီကိစ္စဟာပြတ်ပြီ၊ အဲဒါကြောင့် ဒီဟာက အရမ်းအရေးကြီးပါတယ်။ အခြားအချို့ရည်တွေ၊ ဘာတွေမှာ အာဟာရပေါင်းထည့်တာက လူတိုင်းမသောက်ပါဘူး၊ ဆန်က နေ့တိုင်း

စားနေရတာ မြန်မာနိုင်ငံကလူတွေက ဆန်ကိုအဓိကထားပြီးစားတဲ့ နိုင်ငံဖြစ်နေပါတယ်။ အခြားနိုင်ငံတွေမှာဆိုရင် wheat တို့မှာ အာဟာရ ဓာတ်တွေပေါင်းထည့်ပါတယ်။ ကျွန်တော် ဒီမလာသေးခင်သေးမှာပဲ video clip တစ်ခုတွေ့လို့ ဒုတိယညွှန်ကြားရေးမှူး (အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသန) ကို ပေးလိုက်ပါတယ်။ ပြောပြီးလို့အချိန်ရရင် အဲဒီ videos clip ကမ္ဘာ့နိုင်ငံများနဲ့ လုပ်ထားတဲ့ဥစ္စာကို ပြလိုက်ပါ၊ အဲဒါ ဆရာတို့သိအောင် ပြခိုင်းခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ခုနပြောတဲ့ nationwide micro nutrient and food consumption survey မှာ ဘာသွားတွေ့လဲဆိုတော့ အဓိက under (5) children တွေရဲ့ (၂၇) ရာခိုင်နှုန်းဟာ stunted, ကာလရှည် အဟာရ ချို့တဲ့မှုဖြစ်တဲ့အတွက် height for age က အရမ်းနိမ့်နေပါတယ်။ ပုညက်ပါတယ်။ ထို့အပြင် (၆.၅) ရာခိုင်နှုန်းက wasting ကာလတို အာဟာရချို့တဲ့မှုကြောင့်ပိန်လှီပါတယ်။ ကျွန်တော်စိတ်ပူတာ stated ပုညက်တာကို ပိုပြီးစိတ်ပူပါတယ်။ Physical development ပုညက် နေရင် သူရဲ့ brain development မှာလည်း မကောင်းတော့ဘူး၊ နောက်တစ်ခါ ဒါတင်မကဘူး၊ တွေ့တာတွေတော့ အများကြီးပါဘဲ၊ ဒီစာအုပ်ရဲ့ final version ကတော့ ဒီလလောက်တော့ ထွက်မယ်ထင်ပါတယ်။ Preliminary စာအုပ်ကတော့ ထွက်သွားပြီ၊ fine tune

အပြီးသတ်မွမ်းမံတဲ့စာအုပ်က မကြာခင်ထွက်တော့မယ်၊ Vitamin-D level နဲ့ B-1 level ကျန်နေလို့ မထွက်သေးတာပါ။

အဲဒီမှာဘာသွားတွေ့လဲဆိုတော့ စိုးရိမ်စရာကဘာလဲဆိုတော့ ကိုယ်ဝန်ဆောင်တွေရဲ့ (၄၀) ရာခိုင်နှုန်းက သွေးအားနည်းနေတယ်၊ သူတို့ရဲ့ oxygen carrying capacity of RBC သွေးနီဥတွေရဲ့ အောက်စီဂျင်သယ်ဆောင်နိုင်စွမ်းက အကုန်နည်းသွားပြီ၊ ဒါဆိုရင် ဆရာစဉ်းစားကြည့်ပါ။ အမေမှာဒါတွေနည်းရင် သူ့ကလေးက ဒါထက်ပိုနည်းသွားမယ်၊ အရမ်းစိုးရိမ်စရာကောင်းပါတယ်။ ငါးနှစ်အောက်ကလေးတွေ၊ သွေးအားနည်းတာကလည်း (၃၆) ရာခိုင်နှုန်းရှိနေပါတယ်။ ဒါတွေက အရမ်းစိုးရိမ်စရာကောင်းပါတယ်။ ကျွန်တော်တို့အခု ဘာစဉ်းစားလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ သံဓာတ်အားဖြည့် iron tablet တွေ၊ folic acid တွေ အကုန်ဝေငှပေးပါတယ်၊ ဒီလောက်ပေးရဲ့သားနဲ့ ကိုယ်ဝန်ဆောင်တွေရဲ့ (၄၀) ရာခိုင်နှုန်းက သွေးအားနည်းနေတယ်ဆိုတော့ there must be something wrong somewhere. ကျွန်တော်တို့ပြန်ပြီး ဆန်းစစ်သုံးသပ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ BPI, MPF ကရောင်းတဲ့ iron တွေကလည်း absorption ထုတ်ယူမှုမကောင်းလို့လား၊ iron absorption က အရမ်းအရေးကြီးပါတယ်။ ကျွန်တော်တို့မြန်မာလူမျိုးတွေက လက်ဖက်ရည်ကြမ်းသောက်တယ်၊

လက်ဖက်ရည်ကြမ်းက သံဓာတ်ကိုအူက စုပ်ယူမှုကိုကျစေပါတယ်။ ဒါတွေက အကုန်စဉ်းစားဖို့လိုနေပြီ၊ ကျွန်တော်တို့ ကျပ်သန်းထောင် ပေါင်းများစွာသုံးပြီးတော့ iron tablet တွေဝယ်တယ်၊ ပေးတယ် ဘာဖြစ်လို့မတက်လဲ၊ သူတို့မှာအခြားအကြောင်း ဥပမာ သံကောင် ရောဂါတွေ ကြောင့်ဖြစ်တာလားဆိုတာ ကျွန်တော်တို့ we need to do study. ဒီ study လုပ်ဖို့လည်း ကျွန်တော်တို့မှာ ပိုက်ဆံတွေရှိပါတယ်။ ကျွန်တော့် လက်ထက်မှာ ပထမ(၂၀၁၆-၂၀၁၇) ဘဏ္ဍာနှစ်မှာ ကျပ်သန်း(၁၀၀၀)၊ (၂၀၁၇-၂၀၁၈)မှာ ကျပ်သန်း(၁၀၀၀)၊ (၆)လမှာ ကျပ်သန်း (၅၀၀)၊ အခု current budget မှာ ကျပ်သန်း (၁၅၀၀) သုတေသနလုပ်ဖို့ တောင်းထားပါတယ်၊ နောက်နှစ်မှာ ကျပ်သန်း (၃၀၀၀)ဖယ်ထားဖို့ရှိပါတယ်။ ဒါတွေဟာ implementation research လုပ်လို့သိတယ်၊ ဘာမှမခက်ပါဘူး။ ဘာဖြစ်လို့ ကိုယ်ဝန်ဆောင်အမျိုး သမီးတွေမှာ သွေးအားနည်းရောဂါဖြစ်နေလဲ၊ အခုဆရာတို့လုပ်မယ့် အားဖြည့်ဆန်မှာ iron ပါတယ်။ ဒီဆန်သာစားလို့ရှိရင် ကိုယ်ဝန်ဆောင် အမျိုးသမီးတွေမှာ သွေးအားနည်းတာကို ကျွန်တော်တို့ ထိန်းနိုင် သိမ်းနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ဒါအရမ်းအရေးကြီးပါတယ်။

နောက်တစ်ခုက သွေးအားနည်းရောဂါဖြစ်လို့ရှိရင် အကုန်လုံး မီးခိုးကြွက်လျှောက်ဆိုသလို ကိုယ်ခန္ဓာက ရောဂါပိုးခုခံနိုင်စွမ်းတွေ

ကျမယ်ဆိုရင် ရောဂါပိုးတွေဝင်တာ တစ်ခုပြီးတစ်ခုလာတော့မယ်၊ viral ဗိုင်းရပ်စ်ကြောင့်ပဲဖြစ်ဖြစ်၊ ဘက်တီးရီးယားကြောင့်ပဲဖြစ်ဖြစ်၊ ကလေးမှာ ရောဂါပိုးဝင်ရင် ကြီးထွားမှုကိုထိခိုက်ပြီး၊ သွေးအားနည်းရောဂါဖြစ်လို့ ရှိရင်လည်း ရောဂါရဲ့ complication ကပိုပြီးတော့ ပြင်းထန်ပါတယ်၊ ရောဂါဖြစ်ပွားတဲ့ကာလကလည်း ပိုပြီးကြာသွားတယ်၊ (၅)ရက်နဲ့ကောင်းမယ့်ကလေးသည် (၁၀)ရက်နဲ့မှ ကောင်းမယ်၊ natural immunity ကိုယ်ခံစွမ်းအားက ပုံမှန်ကလေးလောက်မကောင်းတော့ဘူး။ ဒီနေရာမှာ ကြည့်တဲ့အခါမှာ iron နည်းတာတစ်ခုတည်း ကြည့်လို့မရပါဘူး။ iron နည်းခြင်းအားဖြင့် ဘာဘာဖြစ်တယ်ဆိုတာ အဲ့အထိကျွန်တော်တို့ လိုက်ကြည့်ရပါမယ်။ ဒီကိစ္စဟာ အရမ်းအရေးကြီးပါတယ်။

နောက်တစ်ချက်ကတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ သေသေချာချာလုပ်နေပါတယ်။ ကျွန်တော်တို့ National Health Plan (2017-2021) လုပ်ပါတယ်၊ ဒါပေမယ့် အဓိကကဘာလဲဆိုတော့ Multi sectoral Plan of Action on Nutrition (2018-2023) plan ကြီးက ဘယ်လောက်ပဲ မိုးပျံ့အောင်ကောင်းနေပါစေ plan ထဲမှာပါတာကို လက်တွေ့မလုပ်ရင် အလကားပဲ၊ ကျွန်တော်တို့ဘက်ကတော့ plan ထဲပါတဲ့ ဟာတွေကို အကုန်လုံးပါသော်ငြားလည်း အားလုံးကိုလုပ်ဖို့ဆိုတာ မဖြစ်နိုင်တဲ့အတွက် ရှိတဲ့အထဲမှာ we need to prioritize ဦးစားပေး

တွေ ရွေးချယ်သတ်မှတ်ရပါမယ်၊ အဲဒီဦးစားပေးလုပ်ငန်းတွေကို လုပ်ဖို့ လိုပါမယ်။ အဲဒါကိုကျွန်တော်တို့လုပ်မယ်၊ အကုန်လုံး လုပ်လို့မရပါဘူး။ လုပ်တဲ့အခါမှာလည်း သူ့ဟာနဲ့သူ အကုန်ပါပါတယ်။

နောက်တစ်ချက်ကတော့ ဒီမှာသွားတွေ့တဲ့အခါမှာ PATH နဲ့ ပေါင်းပြီးတော့ ၂၀၁၃ ခုနှစ်ကတည်းကနေပြီးတော့ National Nutrition Center လုပ်နေပါတယ်။ နောက်တစ်ခုက Rice fortification ကတော့ World Food Program, FAO, World Bank, WHO ကနေ ပြီးတော့ endorsed လုပ်ထားတဲ့ strategy ဖြစ်ပါတယ်၊ ဘာမှ စိုးရိမ်စရာမလိုပါဘူး။ အခုလောလောဆယ်တော့ NNC ရယ်၊ FDA ရယ်၊ DMR ရယ်၊ စိုက်ပျိုးရေးဌာန၊ စိုက်ပျိုးရေးသုတေသန၊ ကုန်သွယ်မှုမြင့်တင်ရေးနှင့် စားသုံးသူများရေးရာဦးစီးဌာနတို့နဲ့ ပူးပေါင်းပြီးလုပ်နေပါတယ်။ ထို့အပြင် ဒီလုပ်ငန်းအတွက်လည်း ကျွန်တော်တို့ LIFT ကနေ ရန်ပုံငွေထောက်ပံ့ပြီးတော့ လူကယ်ပြန်ကလည်း လုပ်နေပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ဦးဆောင်ပြီးတော့ အားဖြည့်ဆန်လုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာကို ပံ့ပိုးပေးနေပါတယ်။ နောက် PATH အဖွဲ့ကတော့ နည်းပညာနဲ့ စက်ပစ္စည်းဆိုင်ရာပံ့ပိုးပေးတယ်၊ ဆန်စက်လုပ်ငန်းရှင်များ အသင်းနဲ့ညှိနှိုင်းတယ်၊ DSM အဖွဲ့ကလည်း ဒီအာဟာရအားဖြည့်ဆန် ထုတ်လုပ်ဖို့

ဆန်မှာဖြည့်စွက်ရမယ့် အဏုအာဟာရအမှုန့်တွေကို အကူညီ ပေးတယ်၊ အာဟာရဆန်နဲ့ပတ်သက်တဲ့ သတင်းစကား၊ rice fortification က ဘယ်လိုကောင်းတယ်၊ ဘာဖြစ်တယ်ဆိုတာကိုတော့ ဖြန့်ဝေပေးဖို့ ကျွန်တော်တို့ရဲ့တာဝန်ပါ။ ကျွန်တော်တို့မှာ Health Literacy Promotion Unit ဆိုတာရှိပါတယ်။ ဒီ unit ကနေပြီးတော့ tablet phone တွေ အကုန်ပေးထားပါတယ်၊ (၁၂,၀၀၀) ရှိပါပြီ။ လာမည့် (၄)လအတွက် (၁၄,၀၀၀) ထပ်ပေးပါမယ်။ အဲဒီထဲမှာအကုန်ပါမယ်။ ကျွန်တော်တို့မှာ ရှိတဲ့ midwife တွေ၊ PHS-I, PHS-II, HA တွေက ဒါကိုကိုင်ပြီးတော့ တောတွေမှာ စကားဝိုင်းလုပ်ပါ၊ စကားဝိုင်းတွေကို အကြီးကြီးမဟုတ်ပါဘူး၊ ပြည်သူ (၁၀)ယောက် (၇)ယောက်လောက်ကို အားဖြည့်ဆန်ကဘယ်လိုအကျိုးရှိသလဲဆိုတာကို ပြောရပါမယ်။

ဒီလာမည့် တစ်ပတ်မှာတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန website မှာ ဒါကိုထည့်မယ်၊ ကျွန်တော်တစ်ပတ် (၁)ခါတော့ အရေးကြီးတာတွေ ထည့်နေပါတယ်။ စပ်ဆေးကို website မှာထည့်ပါတယ်၊ လူပေါင်း (၄)သိန်းလောက်ကြည့်ပါတယ်။ stroke လေဖြတ် ရောဂါလည်း ချက်ချင်း တစ်ပတ်အတွင်းမှာ (၂)သိန်းလောက်ကြည့်တယ်၊ မိခင်နို့ဦးရည်အကျိုးကိုလည်း လူပေါင်း (၂)သိန်းကျော် (၃) သိန်းလောက်ထိကြည့်ပါတယ်။ လာမည့်အပတ်မှာ abortion ကိုပြောထား

ပါတယ်၊ နောက် ဒီအားဖြည့်ဆန်ကိုလည်း ကျွန်တော်တို့ထည့်ပါမယ်။ ကျွန်တော်တို့ကတော့ ဘက်ပေါင်းစုံကနေပြီးလုပ်ပါမယ်။ ဒီ tablet phone ကိုအသုံးပြုခြင်းအားဖြင့် ကျေးလက်တောရွာတွေမှာနေတဲ့၊ ဝေးလံခေါင်သီဖျားနေတဲ့ ပြည်သူတွေထံကို ကျန်းမာရေးစောင့်ရှောက်ဖို့က midwife ပဲရှိပါတယ်။ အဲဒီတော့ midwife ရဲ့ knowledge က level တက်လေတက်လေ သူကပြောနိုင်ဆိုနိုင်လေပဲ၊ အသိပညာဗဟုသုတတွေမှာ အခုဆိုရင် midwife ကိုမခန့်ခင် ကျွန်တော်အတွင်းဝန်တွေကိုပြောထားပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံများရှိ OG ward တွေမှာ (၆)လ ပူးတွဲခန့်ထားမယ်၊ ခန့်တာ တစ်ခါတည်းခန့်လိုက်မယ် ပြီးမှ သူ့နေရာသူသွား မကြာခင် (၈၃၉) ယောက် ခန့်ဖို့ရှိပါတယ်။ အဲဒီတော့ ဒီ midwife တွေက library ကြီးတစ်ခုလုံးကို ကိုင်ထားသလိုဖြစ်သွားပြီ၊ tablet phone ကိုပေးခြင်းအားဖြင့် midwife တစ်ယောက်ကို ကျွန်တော်ဘာပြောချင်သလဲ၊ အခုကျွန်တော် ဒီနေ့ပြောချင်တာကို messages ပို့လိုက်ရင် ချက်ချင်း midwife ဆရာမတွေဆီရောက်သွားပြီ၊ အမြဲတမ်းအတွင်းဝန်က ဘာပြောချင်လဲ တစ်ချက်တည်းရောက်သွားပါမယ်။ တော်တော့်ကို ကောင်းလွန်းအားကြီးပါတယ်။ အရမ်းလည်းကျေနပ်ပါတယ်။ ကျန်းမာရေးဆိုင်ရာစံပြုအချက်အလက်များကို ဘာသာစကား (၅၅)မျိုးနဲ့ ပြန်ထားပါတယ်၊ Unicef ကလည်း

ငွေပံ့ပိုးပေးထားပါတယ်။ Standardized Health Messages စာအုပ်ထဲမှာလည်း အားဖြည့်ဆန်နဲ့ပတ်သက်ပြီးတော့ ပါရင်ပါမယ်၊ မပါရင်လည်း ထပ်ပြီးထည့်ပေးပါမယ်။

နောက်တစ်ချက် ဒီမှာ ကျွန်တော်တို့သိတဲ့အတိုင်းဆိုရင် Rice fortification working group ဆိုတာကို ၂၀၁၅ ခုနှစ်၊ ဧပြီလက တည်းက စပြီးဖွဲ့စည်းတယ်၊ အရှိန်အဟုန်ကတော့ ၂၀၁၆ ခုနှစ်မှာ စတက်လာပါတယ်။ အဲဒီမှာ technical guidance on rice fortification in Myanmar ကိုရေးဆွဲတယ်၊ ဆန်မှာအဏုအာဟာရဖြည့်စွက်ခြင်းဆိုင်ရာ မူဝါဒ မူကြမ်း National Rice fortification Policy တွေကို ဒီအဖွဲ့က အကုန်လုပ်တယ်၊ ဒါတွေကိုအများကြီးလုပ်နေပါတယ်။ အဓိကကတော့ ဒီနေ့ခေါ်တဲ့အစည်းဝေးပွဲကတော့ technical guidance on rice fortification in Myanmar ကို အသိပေးတဲ့ လုပ်ငန်းမှာပါတဲ့ လမ်းညွှန်ချက်တွေကိုရှင်းပြမယ်၊ ဒါမှ မြန်မာနိုင်ငံဆန်လုပ်ငန်းရှင်များ အသင်းကလည်း ပိုမိုနားလည်ပြီး အားဖြည့်ဆန်ထုတ်လုပ်ခြင်းလုပ်ငန်းကို ပိုမိုပူးပေါင်းဆောင်ရွက်သွားမယ်၊ အဲဒါဖြစ်တဲ့အတွက် ဒါကြီးကိုလုပ်ခြင်းဖြစ်ပါတယ်။

ကျွန်တော့်ကိုပေးတဲ့ information အရဆိုရင် မြန်မာပြည်မှာ ဆန်အမျိုးအစားတွေအများကြီးရှိပါတယ်။ လောလောဆယ် ပေါ်ဆန်းမွှေး

ဆန်နဲ့ ဧည့်မထဆန် နှစ်မျိုးပဲလုပ်နိုင်သေးတယ်လို့ ပြောပါတယ်။ ကျွန်တော်သိသလောက်တော့ ဒီဆန်နှစ်မျိုးက စျေးလည်းကြီးမယ်လို့ ထင်ပါတယ်၊ ကျန်တဲ့ဆန်တွေပါလုပ်နိုင်ရင်တော့ ကောင်းပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့နိုင်ငံမှာ မှတ်ပုံတင်ထားတဲ့ ဆန်စက်ပေါင်း က(၂၀၀၀)လောက်ရှိပါတယ်၊ အခုလက်ရှိမှာခေါ်တဲ့ အားဖြည့်ဆန်ထုတ်လုပ်တဲ့လုပ်ငန်းရှင်(၂)ဦးကတော့ ရန်ကုန်မှာရှိပါတယ်။ ကျွန်တော်တို့က private public partnership ကိုကြောက်လို့မရပါဘူး။ private နဲ့ပေါင်းရပါမယ်၊ မပေါင်းလို့မရပါဘူး။ အဲဒါလုပ်ရပါမယ်၊ ဒီကိစ္စကလည်း private public partnership လုပ်မှ အောင်မြင်မယ်၊ ဒီအားဖြည့်ဆန်တွေရဲ့ကောင်းကြောင်း၊ အကျိုးရှိကြောင်းကို ကျွန်တော်တို့က ပြည်သူတွေကိုပြောရပါမယ်။ ဒါကျွန်တော်တို့ဘက်ကတာဝန်ပါ၊ ဆရာတို့ဘက်ကလည်း ဘာလုပ်ပေးရမလဲဆိုတော့ အားဖြည့်ဆန်ရဲ့ စျေးနှုန်းသည် ရိုးရိုးဆန်တွေရဲ့စျေးနှုန်းနဲ့ သိပ်ကွာလို့မဖြစ်ဘူး၊ အရမ်းကွာလွန်းသွားရင်လည်း လူတွေစားမှာ မဟုတ်တော့ဘူး။ ဆရာတို့အနေနဲ့က long term perspective ကို ကြည့်ရပါမယ်။ တစ်ခါတည်း အမြတ်ယူတာ မဟုတ်ဘဲနဲ့ ဖြည်းဖြည်းချင်း စားသုံးသူများလေများလေ နည်းနည်းချင်း စျေးလျော့ရောင်းလို့ရတာပေါ့ အဲဒါတွေကိုဆရာတို့ Economic perspective ကတော့ ဆရာတို့ကြည့်ပေါ့လေ ကျွန်တော်

ကတော့ ဈေးသိပ်မကွာရင် ပြည်သူတွေကိုပြောရတာ အားရှိတာပေါ့လေ။ အဲဒါတွေဆရာတို့စဉ်းစားပေးပါ။

အဲဒီလုပ်ငန်းရှင်များအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးမှာ (၄)ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှာ (၅)ဦး၊ ပဲခူးတိုင်းမှာ (၂)ဦး၊ စစ်ကိုင်းတိုင်းမှာ (၁)ဦး၊ ရခိုင်ပြည်နယ်မှာ (၂)ဦး စုစုပေါင်း ဆန်စက်လုပ်ငန်းရှင် (၁၄)ဦးပဲရှိပါသေးတယ်။ ကျန်တဲ့ ဆန်စက်လုပ်ငန်းရှင်တွေကိုလည်း စွဲဆောင်ရပါမယ်၊ စွဲဆောင်တဲ့အခါမှာလည်း သုံးစွဲသူရှိမှ သူတို့က လုပ်နိုင်မယ်၊ သုံးစွဲသူမရှိလို့ရှိရင် သူတို့က မလုပ်နိုင်ဘူး။ အဲဒီတော့ demand ရှိအောင် ကျွန်တော်တို့ကလုပ်ပေးပါမယ်။ ဆိုလိုတာကတော့ ဆန်စက်လုပ်ငန်းရှင်များရဲ့ ပူးပေါင်းပါဝင်မှုဟာ အရမ်းအရေးကြီးသလို ကျွန်တော်တို့ရဲ့ပံ့ပိုးမှုဟာလည်း အရေးကြီးတယ်ဆိုတာ နှစ်ဦးနှစ်ဖက် အကျိုးရှိတာပေါ့၊ ဆရာတို့အမြတ်အစွန်းရသလို ကျွန်တော်တို့ဘက်ကလည်း ပြည်သူတွေမှာ iron deficiency anemia သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်းရောဂါ မဖြစ်တော့ဘူး။ ဒါတွေက နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့ကိစ္စဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ဒါကို အားပေးပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့အနေနဲ့ ဘာလုပ်ရမလဲဆိုတော့ အစိုးရပေါ်လစီအနေနဲ့ ကျွန်တော်တို့စပြီးလုပ်နေတာက အားကစား

နှင့်ကာယပညာဦးစီးဌာနမှာ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း (၆)ကျောင်းရှိပါတယ်။ လွှိုင်ကော်၊ မန္တလေး၊ မော်လမြိုင်၊ ရန်ကုန်၊ မုံရွာ အစရှိသဖြင့် အဲ့ဒီကျောင်းတွေမှာ ကျွန်တော်တို့အားကစားသမားတွေကို အလကားကျွေးပါတယ်။ အဲဒီဆန်တွေအကုန်လုံးကို ဒါပဲကျွေးခိုင်းထားတယ်။ အခုကျွန်တော်ပြန် check လုပ်ခိုင်းထားတယ်၊ တကယ်ပဲကျွေးသလား၊ မကျွေးဘူးလား။ နောက်တစ်ခုက ကျွန်တော်တို့ သားဖွားနှင့် သူနာပြုသင်တန်းကျောင်း (၅၀) ရှိတယ်၊ အားလုံးကို ဒီအားဖြည့်ဆန်ကျွေးသလား၊ မကျွေးဘူးလားဆိုတာ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို မေးရပါမယ်။ ကျွန်တော်တို့မှာနောက်အများကြီးရှိပါတယ်၊ သင်တန်းကျောင်းတွေ၊ သူနာပြုကျောင်းတွေရှိပါတယ်။ ဥပမာဆိုရင် ရဲသိပ္ပံမှာရှိတဲ့ training school တွေရှိတယ်၊ ဖောင်ကြီးရှိတယ်၊ ဇီးပင်ကြီးရှိတယ် အများကြီးပဲ အစိုးရကနေဖွင့်ပြီးတော့ ထမင်းကိုအလကားကျွေးရတဲ့ဟာမျိုးတွေမှာ အားဖြည့်ဆန်ကို ကျွေးသင့်ပါတယ်။ ဆရာတို့အနေနဲ့ကလည်း ဒီအားဖြည့်ဆန်ကို အားကစားနှင့်ကာယပညာသိပ္ပံကျောင်းက ဝယ်မယ်ဆိုရင် ကျွန်တော်တို့ကို special price နဲ့ပေးပါ။ အပြင်မှာရောင်းတဲ့ဈေးနဲ့မပေးပါနဲ့ ဘာလို့လဲဆိုတော့ long term perspective ကျွန်တော်တို့ဆက်တိုက်ကို ဝယ်တော့မှာပါ၊ ဆရာတို့က ကျွန်တော်တို့အဖွဲ့တွေနဲ့ဆွေးနွေးပြီး လုပ်ရ

ပါမယ်။ ဥပမာ အပြင်မှာ (၅)ကျပ်နဲ့ရောင်းရင် (၃)ကျပ်နဲ့ပေး အဲဒါကို ညှိနှိုင်းဆွေးနွေးပြီး လုပ်ရပါမယ်။ ဒီကျန်တဲ့ ရဲသင်တန်းကျောင်း၊ ဖောင်ကြီးတို့၊ ဧီးပင်ကြီးတို့ကိုလည်း ဆရာတို့အနေနဲ့ special price ပေးရပါမယ်။ ပြင်ပမှာရောင်းတဲ့ဈေးနဲ့ ပေးလို့မရပါဘူး။ အဲဒါကို စဉ်းစားပါ၊ အဲဒါကိုဝယ်ဖို့ကလုံးဝ ဝန်မလေးပါဘူး။ အဲဒီတော့ ဆရာတို့အားလုံးသိတဲ့အတိုင်း fortification of rice ဆိုတာကတော့ essential micronutrients နဲ့ vitamins, minerals တွေကို အားဖြည့်ပြီးတော့ quality ဖြစ်အောင် လုပ်ထားပေးပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း This is the very important strategy to improve the nutritional status in terms of anemia etc. အဲဒါတွေလုပ်တဲ့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း အသိအမှတ်ပြုထားပါတယ်။ FAO တို့၊ World Food Program တို့၊ World Bank ကလည်း အသိအမှတ်ပြုလုပ်ထားတဲ့ strategy ဖြစ်တဲ့အတွက် ဘာမှစိုးရိမ်စရာမလိုပါဘူး။ ကျွန်တော်တို့ ဆက်လုပ်မှာဖြစ်ပါတယ်။ video clip ထဲမှာတော့ ဖော်လစ်အက်စ် ပေးလိုက်တဲ့အတွက် spina bifida မွေးရာပါရောဂါဖြစ်ပွားတာ လျော့ပါးသွားတာတွေ့ရပါတယ်။ အဲ့ဒါကိုတွေ့ပြီး ကျွန်တော်အားရပါတယ်။ တစ်ခုပဲရှိတာ food fortification လုပ်မယ်ဆိုရင် ကျွန်တော်

တို့နိုင်ငံမှာ national standard ရှိဖို့လိုပါမယ်။ ကျွန်တော်သိသလောက်တော့ မရှိသေးဘူးလို့ထင်ပါတယ်။ အဲဒါကိုကျွန်တော်တို့ we need to develop the national standard with quality assurance and quality control system လုပ်ရပါမယ်။ ဒါမှဆရာတို့ထုတ်ပေးတဲ့ အားဖြည့်ဆန် fortified rice က တကယ်ပဲ အာဟာရဖြစ်တဲ့ အစားအစာဖြစ်လာမယ်။ ကျွန်တော်တို့ FDA က monitor လုပ်နေမယ်၊ တကယ်ပဲပါသလား၊ မပါဘူးလား။ နောက်တစ်ခုကလည်း ဒီနေရာမှာ implementation research လုပ်ပါ။ ဒီမိသားစုတစ်စုသည် အားဖြည့်ဆန် fortified rice စားခြင်းအားဖြင့် တစ်လမှာ သူ့ iron ဘယ်လောက်တက်လာလဲ၊ iron binding capacity ကအစ အကုန်တိုင်း၊ (၂)လနေတဲ့ အခါဘယ်လောက်တက်လဲ၊ (၃)လနေတဲ့အခါမှာ ဘယ်လောက်တက်လဲ၊ အဲဒါကိုစမ်းပါ၊ စမ်းတော့မှ ဒီဟာကိုအဖြေရရင် ကျွန်တော်တို့က we can strongly vouch မိသားစုတစ်စုသည် ဒီအားဖြည့်ဆန်ကို စားလိုက်ရသည့်အတွက် ဘယ်နှစ်လမှာတော့ တက်လာတယ်၊ ဒါမှလူတွေကယုံမယ်၊ မဟုတ်လို့ရှိရင် လူတွေကယုံမှာ မဟုတ်ဘူးလေ၊ ဒါကိုလည်းလုပ်ပါ၊ ပိုက်ဆံလည်းရှိပါတယ်။ အဲဒါ nutrition နဲ့ DMR ပေါင်းလုပ်ရပါမယ်။ ဘာမှမခက်ပါဘူး တော်တော့ကိုလွယ်တဲ့ research ပါ။

ကျွန်တော်တို့ဒီလုပ်မယ့် တစ်လျှောက်လုံးမှာ very simple check list type of monitoring လုပ်မယ်၊ တိုင်းမယ်၊ တိုင်းတာလည်း ပိုက်ဆံအများကြီးမကုန်ဘူး၊ ကျွန်တော်တို့ ဒီအစိုးရလက်ထက်မှာ နိုင်ငံတော်ဘဏ္ဍာငွေက တော်တော်တက်လာတဲ့အခါကျတော့ အများကြီး တော့မဟုတ်ပါဘူး၊ quite reasonable ကျွန်တော်တို့ရနေပါတယ်။ ကျွန်တော်တို့ ပိုက်ဆံတွေကို သေသေချာချာသုံးတဲ့အတွက် ပိုက်ဆံတွေ ထွက်လာပါတယ်။ နောက်တစ်ခုပိုအရေးကြီးတာ ဘာလဲဆိုရင် လူတွေက food consumption pattern ကိုလည်း ကြည့်ရပါမယ်၊ ဆန်ကို ဘယ်လောက်စားလဲ၊ မိသားစုတစ်စုမှာ ကလေးတွေကအစ ဘယ်လောက် ထိစားသလဲ၊ ကလေးကအရမ်းစားနေလို့ရှိရင်လည်း ဒီအားဖြည့်ဆန်မှာ ပါတဲ့ဓာတ်တွေ အရမ်းများသွားရင်မကောင်းဘူး။ ဆိုလိုတာက ဒီ process တစ်ခုလုံးက ကျွန်တော်တို့ implementation research နဲ့တွဲပြီး လုပ်နေရပါမယ်။ အဲဒါမှသာလျှင်ဆရာတို့ရဲ့ အားဖြည့်ဆန် fortified rice က မြန်မာပြည်မှာ ဘယ်လောက်အကျိုးရှိသလဲ၊ ဘယ်လောက်ထိရောက်သလဲဆိုတာ သိမယ်၊ မဟုတ်လို့ရှိရင် အပြောကြီးပဲ စားပြီး (၁၀)လနေလဲ iron ကတက်မလာဘူး ဒါဆိုအလကားပဲ၊ အဲဒါဆိုရင် ဆရာတို့နဲ့ပြောရမယ်၊ ဘာကြောင့်မတက်သလဲဆိုတာ ဆရာ

တို့နဲ့ပြန်တိုင်ပင်မယ်၊ ကမ္ဘာ့စံချိန်စံညွှန်းမီလား/ မမီလားဆိုတာ ပြန်လုပ်ပါမယ်။

နောက်တစ်ချက်က ပိုအရေးကြီးတာကတော့ ဒါလည်း research နဲ့တူတယ်၊ behavior change communication ကိုကြည့်ရမယ် လူတွေရဲ့ attitude ဘယ်လိုရှိသလဲ၊ မရှိရင် we need to change the attitude BCC နဲ့လုပ်ရပါမယ်။ ဒါကို ဆေးသုတေသနဦးစီးဌာနနဲ့ ကျွန်တော်တို့နဲ့ပေါင်းပြီး လုပ်ရပါမယ်။ qualitative study လုပ်ရပါမယ်။ အဲဒါတွေကိုကြည့်ရပါမယ်၊ ဒါမှသာလျှင် what are the ဘာကြောင့် အားဖြည့်ဆန် fortified rice ကို ဘာလို့မစားတာလည်း အရသာပဲပြောင်းလို့မစား တာလား ဒါတွေကိုလုပ်ရပါမယ်။ ဆိုလိုတာက implementation research နဲ့တွဲလုပ်မှသာလျှင် ဆရာတို့လုပ်မယ့် ဟာအောင်မြင်ပါမယ်၊ မဟုတ်လို့ရှိရင်ဘယ်လိုမှ မအောင်မြင်နိုင်ပါဘူး။

နောက်တစ်ချက်ကတော့ ဆရာတို့ရဲ့ဈေးနှုန်းနဲ့ ပြင်ပဈေးနှုန်းနဲ့ ဘယ်လိုကွာလည်းဆိုတာ လုပ်ကြည့်ပါ၊ ပေါ်ဆန်းမွေးကို အပြင်မှာ (၁)ပြည်ကို ဘယ်လောက်နဲ့ရောင်းတယ်ဆိုရင် ဆရာတို့ဘယ်လောက်နဲ့ ရောင်းမလဲ၊ ရခိုင်မှာဘယ်လောက်နဲ့ရောင်းမလဲ၊ ဧရာဝတီမှာ ဘယ်လောက်နဲ့ရောင်းမလဲ၊ ရန်ကုန်မှာဘယ်လောက်နဲ့ရောင်းနိုင်လဲ၊ အဲဒါတွေ လုပ်ပါ၊ သိပ်ပြီးကွာလို့ရှိရင်တော့ လူတွေဟာမစားဘူး၊ သိပ်မကွာလို့

ရှိရင် ကျွန်တော်တို့ကပြောနိုင်တယ် ဒီဆန်ကိုစားပါ၊ စျေးက နည်းနည်း လေးပဲ (၁)ပြည်မှာမှ တစ်ရာပဲကွာရင်ကွာမယ်၊ ဒါကိုကျွန်တော်က ပြောလို့ရပါမယ်။ အဲဒီတော့ ဆရာတို့ရဲ့စျေးနှုန်းတွေကိုလည်း ကျွန်တော် တို့ကသိဖို့လိုပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အကုန်လုံးတော့ တူချင်မှတူပါမယ်၊ ဧရာဝတီမှာနည်းပြီးတော့ ရခိုင်မှာများချင်များ နေပါမယ်။

နောက်တစ်ချက်ကတော့ အစိုးရအချို့အစည်းအဝေးပွဲတွေမှာဆိုရင် လည်း ဟင်းတွေ၊ ထမင်းတွေချက်ရင် ဒီဆန်တွေကိုချက်သင့်တယ်၊ ဟို တယ်တွေမှာတောင် လုပ်သင့်ပါတယ်။ ဟိုတယ်တွေမှာလုပ်ရင် နှစ်မျိုး တော့ပေးရမယ် အားဖြည့်ဆန် စားမယ့်သူက စားမယ်ဆိုရင်စား၊ မစားချင်တဲ့သူက ရိုးရိုးစား၊ ဒါတွေလည်းအကုန်ရှိပါတယ်။ ဒီ rice fortification နဲ့ပတ်သက်ပြီးတော့ ခုန videos မှာလည်း တွေ့ပြီးပါပြီ၊ ဘယ်နှစ်ကစပြီး ဘယ်လိုဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော်ကြည့်လိုက် တာ တော်တော်ကောင်းပါတယ်။

နောက်တစ်ချက်က ကျွန်တော်တို့ဘာသိရမလဲဆိုတော့ recommended daily intake of specific micronutrient ကိုကြည့်မယ်၊ ဒါတွေကို ဆွေးနွေးမယ်။ အဓိကကတော့ ထမင်းများများစားတဲ့ကလေးလည်း ရှိတယ်၊ နည်းနည်းပဲစားတဲ့ ကလေးလည်းရှိတယ်၊ အဲဒီတော့ များများ

စားတဲ့ကလေးသည် iron များသွားမလား၊ ဒါတွေလည်းရှိပါတယ်။ ဒါတွေဆရာတို့နဲ့ ကျွန်တော်တို့ပြန်လုပ်လို့ရှိရင် ဆေးသုတေသနဦးစီးဌာနနဲ့ပေါင်းလို့ရှိရင် ဘယ်လောက်များတဲ့ ထမင်းပမာဏမှာ iron ဘယ်လောက်ပါနိုင်ပြီး၊ လူထဲကို ဘယ်လောက် absorb ဖြစ်မလဲ၊ ဘာမှ မဖြစ်ရင်တော့ စားပေါ့၊ ဒါတွေကတော့ သုတေသနလုပ်ရပါမယ်။ ဒါလုပ်ခြင်းအားဖြင့်တော့ အကောင်းဆုံးကတော့ population health ကျွန်တော်တို့ရဲ့ နိုင်ငံသူ နိုင်ငံသားတို့၏ကျန်းမာရေးအဆင့်အတန်း၊ ကိုယ်ကာယအဆင့်အတန်း မြင့်လာမယ်၊ မြင့်လာရင် productivity မှာကောင်းမယ်၊ ဦးနှောက်မှာကောင်းမယ် စသဖြင့် အများကြီးပါဘဲ။ ကျွန်တော့်အနေနဲ့ပြောချင်တာကတော့ rice fortification is very safe, feasible, effective, sustainable အဲဒီမှာကြည့်ပါ။

ကျွန်တော်တစ်ခု ဘာသွားတွေ့လည်းဆိုတော့ ကြည့်တဲ့အခါမှာ Cambodia မှာ study တစ်ခုလုပ်ပါတယ်။ အဲဒီ study မှာတော့ infection နည်းနည်း prone ဖြစ်ပြီးတော့ hook worm infection က နည်းနည်းတက်လာတယ်လို့ ပြောပါတယ်။ ဒါ ကိုလည်း randomized cluster study ဖြစ်တဲ့အတွက် ယုံတော့ယုံရမယ်၊ ဒါပေမယ့် ကျွန်တော် သိပ်တော့မစိုးရိမ်ပါဘူး၊ hook worm က ကျွန်တော်တို့နိုင်ငံမှာ ဒီ လောက်တော့မရှိဘူး၊ အခြားသံကောင်တွေပဲပိုများပါတယ်၊

နောက်တစ်ချက် ဘာသွားတွေ့လည်းဆိုတော့ systematic review of literature ကို ကျွန်တော်ကြည့်လိုက်ပါတယ်။ systematic review ဆိုတာ study အကုန်လုံးအကုန်လုံးပေါင်းပြီးတော့ meta analysis လုပ်တဲ့ပုံစံမျိုးဖြစ်ပါတယ်။ အဲ့ဒီ study မှာသွားကြည့်တဲ့ အခါကျတော့ အလွန်ကောင်းပါတယ်။ ဒီအားဖြည့်စာတွေကို စားခြင်းဖြင့် အသက် (၆)လကနေပြီးတော့ (၅၉) လကလေးတွေကို study လုပ်တဲ့အခါမှာ အလွန်အကျိုးရှိတာကိုတွေ့ရပါတယ်။ ဒါကြီးတစ်ခုတည်းသိတာနဲ့တင် ကိစ္စပြတ်ပြီ၊ systematic study လုပ်ထားတဲ့ အတွက် study အတိကျတော့မသိဘူး (၁၅၀၀၊ ၁၀၀၀၊ ၉၀၀၊ ၈၀၀) ကြည့်လိုက်တဲ့အခါမှာ လုံးဝအကျိုးရှိတာကို သွားတွေ့ပါတယ်။ ဒါပေမယ့် အဲဒီမှာ ဘာသွားတွေ့လဲဆိုတော့ ထူးဆန်းတာ vitamin -A level နဲ့တက်လာ တာတော့မတွေ့ရဘူး၊ iron တို့၊ anemia တို့ တော်တော်လေးကောင်းသွားတာ တွေ့ရပါတယ်။

ကျွန်တော်ဆိုလိုတာကတော့ အားဖြည့်ဆန်ကို we can consider as an effective public health strategy ကိုသုံးသပ်လို့ရပါတယ်။ အဲဒါကိုကျွန်တော်တို့လုပ်တော့ လုပ်ရမှာပါ၊ တစ်ခုပဲရှိတာ အင်္ဂလိပ်စကားမှာတော့ it is not the silver bullet ဒါတစ်ချက်ဖြစ်သွားတာနဲ့ အကုန်းလုံးတော့ ကောင်းသွားမှာ မဟုတ်ပါဘူး။ ဆိုလိုတာက

ကျွန်တော်တို့ဒီ အာဟာရချို့တဲ့မှုကိစ္စရပ်ကြီး တစ်ခုလုံး လုပ်တဲ့အခါမှာ multi-prong approach, multi-sectoral, multi-directional, multi-discipline approach နဲ့သွားရမှာပါ။ ကျွန်တော်တို့အများကြီး လုပ်နေတဲ့အတွက် this is the one of strategies to improve the nutrition status of the whole country.

ကျွန်တော့်အနေနဲ့ကတော့ ဒါကြီးကိုလုပ်တာ အလွန် appreciate လုပ်ပါတယ်၊ ကျေးဇူးလည်းအများကြီးတင်ပါတယ်။ ဒီ workshop ကြီးကို ဒီမှာတင်မပြီးသွားစေချင်ပါဘူး၊ ဒီ workshop မှာဆွေးနွေးလို့ရတဲ့ ရလဒ်တွေကို ဘယ်လိုဆက်လုပ်မလဲ၊ ဘယ်သူကဘာလုပ်မလဲ၊ ကျန်းမာရေးကဘာလုပ်မလဲ၊ စီးပွားကူးသန်းကဘာလုပ်မလဲ၊ စိုက်ပျိုးရေးကဘာလုပ်မလဲ ဒါတွေဆက်လက်မယ် ခုနကျွန်တော်ပြောတဲ့ အချက်တွေကိုလည်း ဆရာတို့အားလုံး ဝိုင်းဝန်းစဉ်းစားပေးကြပါလို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။